# နွေဦးအသံ

the voice of spring

22.4.2021 · Thursday · No . 17 · Daily News Pamphlet

## ကုလစီးပွားရေးနှင့် လူမှုရေးကောင်စီအစည်းအဝေး၌ ဘုတ်အဖွဲ့ဝင်အဖြစ် NUG ရွေးချယ်ခံရပြီး (၃)နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း NUG နိုင်ငံခြားရေးဝန်ကြီးဌာနထုတ်ပြန်ခဲ့

သတင်းတို — ရင်းမြစ် - NUG မှ

## စစ်ကိုင်း၊ ယင်းမာပင်မြို့သို့ ကားအစီး(၂၀)ခန့်အင်အားအလုံးအရင်းဖြင့် စစ်အုပ်စုမှ လက်နက်ကြီးများအသုံးပြုကာ ဝင်ရောက် ပစ်ခတ်နေသဖြင့် ပြည်သူများက ခုခံနေကြရပြီး ဒေသခံ(၁၀)ဦးကျဆုံး

သတင်းတို — ရင်းမြစ် - နွေဦးအသံ မှ

## ရေဝတီ၊ ငပုတောမြို့နယ်ရှိ ရွှေကျော်ရုံးအဖွဲ့ကို အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်ဖမ်းဆီးခဲ့

သတင်းတို — ရင်းမြစ် - မဇ္ဈိမ မှ

## CDM ကို ဆက်လက်ပူးပေါင်းလုပ်ဆောင်ကြဖို့ မန္တလေးတက္ကသိုလ် တိုက်တွန်း

သတင်းတို — ရင်းမြစ် - မဇ္ဈိမ မှ

## မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပြီး မြန်မာ့အရေးကို အစဉ်တစိုက် စောင့်ကြည့်နေကြောင်း ပြင်သစ်ရောက် မြန်မာများထံ ပြင်သစ်သမ္မတမှ ပြန်စာရေးခဲ့

သတင်းတို — ရင်းမြစ် - မဇ္ဈိမ မှ

## အပြာရောင်အင်္ကျီများဝတ်ဆင်၍ Blue Shirt Strike ကို ပြုလုပ်ခဲ့ကြ

## မြန်မာ့အရေး အာဆီယံ အစည်းအဝေးရလဒ်ကို စောင့်ကြည့်နေဟု ကုလလုံခြုံရေးကောင်စီပြော

သတင်းတို — ရင်းမြစ် - မြန်မာနောင်း မှ

## NUG အစိုးရကို ကြိုဆိုကြောင်း UK ဝန်ကြီးတဦးကပြောကြားခဲ့

သတင်းတို — ရင်းမြစ် - မဇ္ဈိမ မှ

## ထားဝယ်သပိတ်စစ်ကြောင်း ကျည်အစစ်နှင့်ပစ်ခတ် ဖြိုခွဲခံရပြီး (၅)ဦးခန့် အဖမ်းဆီးခံခဲ့ရ

သတင်းတို — ရင်းမြစ် - RFA မှ




ဧပြီ ၂၁ ရက်၊ ရန်ကုန်မြို့၌ ချီတက်ဆန္ဒဖော်ထုတ်ခဲ့သည့် အပြာရောင်အင်္ကျီဝတ်သပိတ်ကိုတွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## ဂျာကာတာ၊ အာဆီယံအစည်းအဝေးကို အာဏာလုခေါင်းဆောင် မင်းအောင်လှိုင် တက်မည်ဟုသိရ

သတင်းတို — ရင်းမြစ် - နွေဦးအသံ မှ

## တပ်ပျက်နေပြီဖြစ်ပြီး တပ်တွင်းပုန်ကန်မှုဖြစ်ဖို့ NUG ပေါ် မူတည်ဟု CDM ဗိုလ်မှူးပြော

သတင်းတို — ရင်းမြစ် - မြန်မာနောင်း မှ

## စစ်အုပ်စုမှအရပ်ဝတ်ဖြင့်လက်နက်ကိုင်ဆောင်၍ ပုသိမ်မြို့မှ လူငယ်(၂)ဦးကို ဝင်ရောက်ဖမ်းဆီးခဲ့

သတင်းတို — ရင်းမြစ် - မြန်မာနောင်း မှ

## အကြမ်းဖက်စစ်အုပ်စုကြောင့် လူပေါင်း(၂)သိန်းခန့် အိုးအိမ်စွန့်ခွာပြေးနေရကြောင်း ကုလသံတမန်ပြော

သတင်းတို — ရင်းမြစ် - မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၂၁) ရက်၊ ၂၀၂၁




- ရန်ကုန်တက္ကသိုလ် ဆရာ/ဆရာမများနှင့် ကျောင်းသားသမဂ္ဂတို့က "ကြားကာလ ရန်ကုန်တက္ကသိုလ်ကောင်စီ" ဖွဲ့စည်းလိုက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပညာရေး ထူထောင်နိုင်ရေး လုပ်ဆောင်မည်ဟု ကြေညာ။
- စစ်ကိုင်း၊ ယင်းမာပင်မြို့နယ်၌ ပြည်သူများက တူမီးသေနတ်များဖြင့် ပြန်လည်ခုခံခဲ့ကြရာ စစ်အုပ်စုဘက်က ဒရုန်းများသုံး၍ တည်နေရာထောက်လှမ်းပြီး လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်နေခြင်းကြောင့် ဒေသခံ(၁၀)ဦးခန့်ကျဆုံးခဲ့။
- မန္တလေး၊ သိပ္ပံလမ်း၊ ၆၅x၆၆ ကြားရှိ မြို့တော်ဆေးရုံအား အကြမ်းဖက်စစ်အုပ်စုက လက်နက်ကိုင်အမြောက်အမြားဖြင့် နံနက်ပိုင်း၌ ဝိုင်းဝန်းပိတ်ဆို့ကာ အထူးကုဆရာဝန်ကြီးများစာရင်းကို တောင်းယူသွားသည်ဟု သိရ။
- ထိုင်း-မြန်မာနယ်စပ် သံလွင်မြစ်ပေါ်က ကရင်ရွာသားများ၏ စက်လှေကို အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်ခဲ့ပြီးနောက်ပိုင်း အဆိုပါ မဲ့ဆမ်လဲ့လှေဆိပ်ကို အသုံးပြုခွင့် ပိတ်ထားတာကြောင့် ထိုင်းရောက် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများက လှူဒါန်းထားသော ပစ္စည်းများမှာ ထိုင်းနိုင်ငံ၊ မဲ့စရီးယန်းမြို့ ၌ ထိန်းသိမ်းထားရပြီး စစ်ရှောင် ဒုက္ခသည်ဆီ ရောက်ရှိဖို့ နှောင့်နေးကြန့်ကြာနေဟုသိရ။
- မန္တလေး၊ လမ်း ၆၀ ရှိ ခုတင် ၃၀၀ ဝန်ထမ်းများအား စစ်အုပ်စုက ချက်ချင်းရွှေ့ပြောင်းခိုင်းနေသဖြင့် သွားရောက်ကူညီသူများကို အသံပုံး၊ ကျည်အစစ်များပါ သုံး၍ ခြောက်လှန့်ပစ်ခတ်မှုများ ပြုလုပ်နေသဖြင့် ဝန်ထမ်းမိသားစုနှင့် ကူညီသူများပါ ထွက်ပြေးနေကြရ။
- ရောဝတီ- ပုသိမ်မြို့၊ မင်းကြီးလမ်း နှင့် အောင်ရတနာလမ်းထောင့်၌ ရေကြောင်းတက္ကသိုလ် ဒုတိယနှစ်မှ မောင်သန်းအောင်စိုး (ခ) သားပု နှင့် မောင်မြတ်သူရအောင်တို့ကို အကြမ်းဖက်စစ်အုပ်စုက အိမ်စီးကားဖြင့် အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။
- မြစ်ကြီးနားတက္ကသိုလ် သပိတ်စစ်ကြောင်းတွင် ပါဝင်သူ သမိုင်းအထူးပြု မဟာတန်း (ဒုတိယနှစ်) ကျောင်းသား ကိုမျိုးထက်နိုင်လင်းကို အကြမ်းဖက်စစ်အုပ်စုက အိမ်စီးကား ခြောက်စီး၊ ရဲကားနှစ်စီးဖြင့် နံနက် ၆ နာရီခွဲခန့်တွင် ဝိုင်းကာ နေအိမ် အိပ်ခန်းအတွင်း အတင်းအဓမ္မဝင်ရောက်၍ ဖမ်းဆီးခဲ့။
- မြစ်ကြီးနား၊ မြို့သစ်ရပ်ကွက်ရှိ OVI ဖုန်းဆိုင်မှ အရောင်းဝန်ထမ်းသုံးဦးကို အကြမ်းဖက် စစ်အုပ်စုက ဝင်ရောက် ဖမ်းဆီးခဲ့ဟု သိရ။
- ပဲခူး၊ ပြည်တက္ကသိုလ် စာသင်ဆောင်များတွင် "စစ်ကျွန်ပညာရေး အလိုမရှိကြောင်း" စာများ ရေးကာ ကျောင်းဆောင်နံရံများ၌ ဆေးနီများ ပတ်ဖြန်း၍ ဆန္ဒပြခဲ့ကြ။
- ရန်ကုန်၊စမ်းချောင်းနှင့် ဗဟန်းမြို့နယ်ကြား။ မကွေး-အောင်လံ။ ချင်းပြည်နယ်-မင်းတပ်မြို့ တို့၌ လူမဲ့သပိတ်ကို ပြုလုပ်ခဲ့ကြ။
- မိတ္ထီလာ။ ထားဝယ်တောင်ပိုင်းကျေးရွာများ။ နေပြည်တော်။ တန့်ဆည်မြို့။ ပဲခူး-ညောင်လေးပင်၊ ပွင့်တန်ဆာမြို့ တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- သပိတ်မှတ်စု
- ရန်ကုန်-စမ်းချောင်း၊ လှိုင်သာယာ၊ မရမ်းကုန်း၊ သမိုင်း၊ သဃ်န်းကျွန်း၊ သာကေတ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဒဂုံ၊ လှိုင်၊ တောင်ဥက္ကလာ။ မန္တလေး-တပ်ပေါင်းစု သပိတ်စစ်ကြောင်း၊ အမရပူရ။ မိုးကုတ်။ ညောင်ဦး။ ပြင်ဦးလွင်။ ဖြူး။ ပေါင်းတည်။ ရွှေဘို။ ကလေးမြို့။ မုံရွာ။ ထားဝယ်။ ရေဖြူ-ကံပေါက်ဒေသ။ လောင်းလုံ။ ညင်းမော်။ ဖလမ်းမြို့။ ကြံ့ခင်းမြို့။ လပွတ္တာ။ ဖျာပုံ။ မော်လမြိုင်။ ပေါင်မြို့။ အိန္ဒူ။ သာမညကျေးရွာ။ လှိုင်ကော်မြို့၊ ထေးဌားလျားရပ်ကွက်။ ကချင်ပြည်နယ်-မိုးကောင်း၊ မြစ်ကြီးနား၊ နမ္မတီး၊ ဖားကန့်-ဆိုင်းတောင်ရွာ။ ရှမ်းပြည်နယ်-ကွတ်ခိုင်မြို့၊ ကျောက်မဲ၊ နန့်စန်၊ ဟိုပုံး၊ လားရှိုး၊ မူဆယ်။ ဆားလင်းကြီး-ကံကုန်းကျေးရွာ စသည့် မြို့အသီးသီးတို့၌ အပြာရောင်အကျီများ ဝတ်ဆင်ကြ၍ ဖမ်းဆီးထားသူများလွှတ်ပေးရေးနှင့် စစ်အာဏာ ရှင်ဆန့်ကျင်ရေးကို လူအင်အား ရာချီသော သပိတ်စစ်ကြောင်း ကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၂၀)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၃၈ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၃၀၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၀၂၀ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ (၂၁) ရက်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ကျေးရွာတွင် ပြုလုပ်ခဲ့သည့် ညသပိတ်ကို တွေ့မြင်ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှေ့
စာရင်း
တိုင်
မယ်ဆို
CDM
တွေကို
အားနာပါ

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
22.4.2021 · Thursday · No . 17 · Daily News Pamphlet